# အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ (အိန္ဒိယ)

SASANAMOLI

INTERNATIONAL BURMESE MONKS ORGANIZATION

(INDIA)

**F-34, F-Block, VikasPuri, 110018. New Delhi, Ph : +911145535099**


နေ့စွဲ။ ။ ၁၉.၆.၂၀၀၉

ယနေ့ ဖွန်လ (၁၉)ရက်နေ့သည် အကျဉ်းကျခံနေရသော ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၄)နှစ်မြောက် မွေးနေ့အခါသမယဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏မွေးနေ့ကို ထောင်တွင်း၌ တဦးတည်းဖြတ်သန်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့ အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့က နောင်အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတွင် ခမ်းနားစွာ ကျင်းပနိုင်ပါစေကြောင်း ယနေ့ ကျရောက်သည့် ၎င်း၏မွေးနေ့ အခါသမယတွင် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခုနှစ်က စတင်ခဲ့သည့် ဗမာ့ဒီမိုကရေစီ အရေးတိုက်ပွဲတွင် ခိုင်မာပြတ်သားသည့် ခေါင်းဆောင်မှု့ သင်္ကေတအဖြစ် တည်ရှိနေသည်။ တချိန်တည်းမှာပင် ဒေါ်အောင်ဆန်းစုကြည်သည် ဗမာပြည်သူတို့၏ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတိုက်ပွဲများ၏ ပြယုဂ်သဖွယ် တည်ရှိနေသည်။ တိုင်းရင်းသားပေါင်းစုံ ဗမာပြည်သူများက ဒေါ်အောင်ဆန်းစုကြည်အား ၎င်းတို့၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးအဖြစ်သာမကပဲ၊ ဗမာပြည်၏ မျှော်လင့်ချက်၊ ပြည်သူတို့၏ ခေါင်းဆောင်၊ ပြည်သူတို့၏ရဲဘော်သဖွယ် မှတ်ယူလက်ခံကြသည်။ ၎င်းအပြင် ဒေါ်အောင်ဆန်းစုကြည်သည် ဗမာပြည်သူအပေါင်း၏ လက်ရှိကြုံတွေ့ ရင်ဆိုင်နေရသော အနိဋ္ဌာရုံအပေါင်းမှ လွတ်မြောက်၍ အများလက်ခံနိုင်သည့် နိုင်ငံတော်သစ်တခုကို ထူထောင်နိုင်မည့် အခွင့်အလမ်းဟုလည်း ရှု့မြင်ယုံကြည်ကြသည်။ ထို့အပြင်လည်း တိုင်းရင်းသားပေါင်းစုံတို့၏ သမိုင်း၊ ယဥ်ကျေးမှုဓလေ့ထုံးစံနှင့် ကိုးကွယ်ယုံကြည်မှုများကို အကာအကွယ်ပေးနိုင်မည့် ရိုသေလေးစားလိုက်နာနိုင်မည့် ဖက်ဒရယ်စနစ်ကိုလည်း တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သော်လည်း စစ်အုပ်စုသည်

အာဏာလွှဲပြောင်းပေးခြင်း မရှိသည့်အပြင် လွန်ခဲ့သည့်အနှစ် (၂၀) ကျော်ကာလအတွင်း (၁၃) နှစ်ကျော် အကျဉ်းကျခံနေရသည်။ ပြီးခဲ့သည့် မေလက ၎င်းအပေါ် ချမှတ်ထားသည့် နေအိမ်အကျယ်ချုပ်ကာလ (၆) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ဤသို့ ရုံးတင်တရားစွဲဆိုခြင်းမရှိဘဲ ချုပ်နှောင်ထားခြင်းကြောင့် မြန်မာစစ်ဗိုလ်ချုပ်ကြီးများအတွက် ဥပဒေကြောင်းအရ အကြပ်ရိုက်စေခဲ့သည်။

ယခုအခါ စစ်ဗိုလ်ချုပ်ကြီးများက နေအိမ်အကျယ်ချုပ်ထားစဉ် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံသားတဦးအား လက်ခံတွေ့ဆုံခဲ့ခြင်းအပေါ် ပြစ်ဒဏ်ခတ်စီရင်ရန် ကြိုးစားနေခြင်းဖြစ်သည်။ ကမ္ဘာတဝှမ်းမှ နိုင်ငံ့ခေါင်းဆောင်များ၊ သမ္မတဟောင်းများ၊ ဝန်ကြီးချုပ်ဟောင်းများသည်လည်းကောင်း၊ ကမ္ဘာ့အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ အရှေ့တောင်အာရှ နိုင်ငံများအသင်းနှင့် အခြားသြဇာကြီးမားသည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေး၊ ကျန်းမာရေးနှင့် တရားမျှတသည့် တရားစီရင်ရေး ဖြစ်စေရန် တောင်းဆိုနေကြသည်။ စစ်ဗိုလ်ချုပ်ကြီးများ၏ လုပ်ရပ်အပေါ် ကန့်ကွက်ရှုံ့ချကြသည်။ ထိုကြောင့် ဗိုလ်ချုပ်ကြီးများ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချရေး အစီအမံကို အဆောတလျင် မပြုရဲဘဲ တရားရုံးကြားနာမှုများကို အကြိမ်ကြိမ်ရွှေ့ဆိုင်းနေရသည်။

တဆက်တည်းမှာပင် ယနေ့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၏ ဦးဆောင်ဆရာတော် ဦးဂမ္ဘီရ၏ သက်တော် (၃၀) ပြည့် မွေးနေ့ အခါသမယလည်းဖြစ်ပါသည်။ ဆရာတော်သည် သေဒဏ်ချမှတ်နိုင်သည့် တရားစွဲဆိုခြင်းနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ယနေ့ကျရောက်သည့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၄)နှစ်မြောက် မွေးနေ့နှင့် ဆရာတော်ဦးဂမ္ဘီရ၏ မွေးနေ့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ (အိန္ဒိယ)မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆရာတော်ဦးဂမ္ဘီရအပါအဝင် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွှတ်ပေးရန် တောင်းဆိုသည်။ ထို့အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် ဗမာပြည်ဒီမိုကရေစီ ရရှိရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့
အိန္ဒိယ